# 4 ပုဂ္ဂလိကအငှားအိမ်

## 4-5 စာချုပ်ကို သေချာစွာဖတ်ရှုခြင်း

စာချုပ်သည် အိမ်ငှားသူနှင့် အိမ်ပိုင်ရှင်တို့၏ လိုက်နာရမည့်အချက်များကို သေချာစွာဖော်ပြထားသည်။ စာချုပ်တွင် မိမိ၏လက်မှတ် (မိမိ၏ အမည်ကို ရေးထားခြင်း) ပြုလုပ်ခြင်းသည် မိမိစာချုပ်ပါအချက်အလက်များကို သဘောတူသည်ဟု အဓိပ္ပါယ်ရပြီး လိုက်နာပါမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အကြောင်းအရာများကို သေချာစွာဖတ်ပြီး ရှင်းလင်းစွာနားလည်ထားသင့်သည်။ စာချုပ်တွင် ရေးထားသောအကြောင်းအရာများကို နားလည်ပြီးမှ လက်မှတ်ထိုးခြင်းသည် အရေးကြီးသည်။ အောက်ပါအကြောင်းအရာများကို သေချာစွာဖတ်ရှုကြပါစို့။ ပြဿနာများကို ကာကွယ်ရန်အတွက် ဖြစ်သည်။

| | |
|---|---|
| အိမ်လခ၊ ထိန်းသိမ်းခ | ငွေပမာဏနှင့် ပေးချေရမည့်နေ့၊ ပေးချေရမည့်နည်းလမ်းများစသည် |
| တားမြစ်ချက်များ | အိမ်မွေးတိရိစ္ဆာန်များ မွေးမြူခြင်းကို တားမြစ်ချက်စသည် |
| စာချုပ်သက်တမ်းတိုးရ/မရ | စာချုပ်သက်တမ်းကာလသည် ပုံမှန် ၂ နှစ်ကြာဖြစ်သည်။ ၂နှစ်ကျော်လွန်၍ ထပ်မံစာချုပ်ချုပ်ဆိုပါက အိမ်ရှင်ထံမှ သက်တမ်းတိုးခကို တောင်းဆိုခံရခြင်းလည်းရှိသည်။ အိမ်ခြံမြေအကျိုးဆောင်ထံမှလည်း သက်တမ်းတိုးခ၏ ကုန်ကျစရိတ်ကို တောင်းဆိုခံရခြင်းများလည်းရှိသည်။ |
| စာချုပ်သက်တမ်းပြီးဆုံးချိန်အခြေအနေ | စာချုပ်ပြီးဆုံးချိန်တွင် စရံငွေပြန်မအမ်းခြင်း၊ ကြီးမြင့်သော အိမ်သန့်ရှင်းခ တောင်းဆိုခံရခြင်းများလည်း ရှိသည်။ စာချုပ်ဖျက်သိမ်းချိန်တွင် ပေးချေရသော ကုန်ကျစရိတ်ကို ဦးစွာဆုံးဖြတ်ပြီးမှ စာချုပ်ချုပ်ဆိုသင့်သည်။ |